## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါအမှုထမ်းရာထူး(၄)နေရာ ခန့်ထားရန်အတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်ပညာအရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၃ နေရာ<br>(နေပြည်တော်) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး |
| (ခ) | သန့်ရှင်းရေးအကူ<br>၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၁ နေရာ<br>(နေပြည်တော်) | အခြေခံပညာမူလတန်းအောင်မြင်သူ၊<br>လုပ်ငန်းကိုစိတ်ပါဝင်စားသူ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) အမှတ်စဉ်(က)နှင့်(ခ)ကို လျှောက်ထားသူသည် (၂၂-၁၂-၂၀၂၃)နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၂)နှစ်(အစိုးရဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်)ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

(ဃ) ရွေးချယ်ခြင်းခံရသူများသည် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးနိုင်ရမည်။

(င) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal)၊ ရာထူးမှခန့်ထားခြင်းအမိန့်စာမှ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ဖော်ပြပါရှိရမည်-

(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ခ) မွေးသက္ကရာဇ်နှင့် အသက်

(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

(ဃ) ပညာအရည်အချင်း

( င ) မိဘအမည်၊ အလုပ်အကိုင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

( စ ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဌာန/လက်ရှိရာထူး

( ဆ ) အိမ်ထောင် ရှိ/မရှိ

( ဇ ) နေရပ်လိပ်စာ၊ ဖုန်းနံပါတ်

(လျှောက်လွှာပုံစံကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ Website: https://portal.moea.gov.mm နှင့် Facebook Page: Ethnic Affairs, Ministry, Myanmar တွင်လည်း ကြေညာထားမည် ဖြစ်ပါသည်။)

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအချက်အလက်များ ပြည့်စုံစွာ(ပူးတွဲ)ပါရှိရမည်-

(က) အမှတ်စဉ် (က) လျှောက်ထားသူအတွက် ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှု အရည်အချင်း အထောက်အထားမိတ္တူ (ဘွဲ့လက်မှတ်၊ ၁၀ တန်းအောင်လက်မှတ်)

( ခ ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံစာမူရင်း(လွန်ခဲ့သော တစ်လအတွင်း)

( ဂ ) လိပ်စာဖော်ပြပါဒေသတွင် အမှန်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာမူရင်း(လွန်ခဲ့သော တစ်လအတွင်း)

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန်

( င ) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ

( စ ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာန၊ ရာထူး၊ လစာနှုန်း၊ သက်ဆိုင်ရာဌာန ခွင့်ပြုမိန့်မူရင်း

( ဆ ) ပတ်စ်ပို့ဓါတ်ပုံကာလာဖြင့် (၃) ပုံ (လွန်ခဲ့သော ခြောက်လခန့်)

(ဓါတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးသားရန်)

၅။ လျှောက်ထားသူများသည် အလုပ်ခန့်အပ်ခြင်းခံရပါက မိမိအစီအစဉ်ဖြင့် နေထိုင်နိုင်သူဖြစ်ရမည်။

၆။ လျှောက်လွှာများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်၊ သို့ ( ၂၂ - ၁၂ - ၂၀၂၃)ရက်နေ့ထိ ရုံးချိန်အတွင်း နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်။

၇။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက်များနှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအထောက်အထား မပြည့်စုံသူများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများအား လူတွေ့စစ်ဆေးမှုပြုလုပ်မည်ဖြစ်ပြီး လူတွေ့စစ်ဆေးမည့်ရက်ကို ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပါသည်။ ထို့အပြင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံးကြော်ငြာသင်ပုန်းနှင့် Website: https://portal.moea.gov.mm ၊ Facebook Page: Ethnic Affairs, Ministry, Myanmar တို့တွင်လည်း ကြေညာပေးထားမည် ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော် ဖုန်း(၀၆၇-၃၄၀၉၅၅၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

**ပြည်ထောင်စုဝန်ကြီးရုံး**

**ရုံးအမှတ်(၁၄)၊ နေပြည်တော်**

**လျှောက်လွှာပုံစံ**

၁။ လျှောက်ထားသည့်ရာထူးအမည် - ---------------------------------------

၂။ အမည် - ---------------------------------------

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - ---------------------------------------

၄။ အသက်/မွေးသက္ကရာဇ်(ရက်၊လ၊နှစ်) - ---------------------------------------

၅။ လူမျိုး/ ကိုးကွယ်သည့်ဘာသာ - ---------------------------------------

၆။ သွေးအုပ်စု/ထင်ရှားသည့်အမှတ်အသား - ---------------------------------------

၇။ ပညာအရည်အချင်း၊ - ---------------------------------------

အောင်မြင်သည့်ခုနှစ် - ---------------------------------------

၈။ အဘအမည် - ---------------------------------------

(က) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - ---------------------------------------

(ခ ) အလုပ်အကိုင် - ---------------------------------------

၉။ အမိအမည် - ---------------------------------------

(က) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - ---------------------------------------

(ခ ) အလုပ်အကိုင် - ---------------------------------------

၁၀။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဌာန/လက်ရှိရာထူး - ---------------------------------------

- ---------------------------------------

၁၁။ အိမ်ထောင်ရှိ/မရှိ - ---------------------------------------

၁၂။ အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံနှင့် - ---------------------------------------

ဖုန်းနံပါတ် - ---------------------------------------

- ---------------------------------------

(ထိုးမြဲလက်မှတ်)